# JOB VACANCY

## COUNSELLOR (PrEP and Index testing)

**Mandalay- 1 post**

**Mawlamyaing- 1 post**

မဟာမိတ် မြန်မာ (Alliance Myanmar) သည် AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီများ နှင့် ငွေကြေးများထောက်ပံ့ပေးခြင်းဖြင့် လူထုအခြေပြုအဖွဲ့များ (CBOs) ၏ လုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးနေသော ပြည်တွင်း NGO အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ မဟာမိတ်မြန်မာ သည် CBO များ၊ ကွန်ယက်များနှင့် လက်တွဲကာ HIV ပိုးနှင့် ရှင်သန်နေထိုင်နေသူများ အပါအဝင် ဦးတည်အုပ်စုများ အပေါ် ခွဲခြားဆက်ဆံမှု လျှော့ချရေး၊ ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို တိုးမြှင့်ရေး၊ HIV ကာကွယ်ရေး၊ စစ်ဆေးခြင်း၊ ကုသရေး နှင့် ပြုစုစောင့်ရှောက်ရေး စီမံချက်များ သာမက အခြားဆက်နွယ်နေသော တီဘီ၊ လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေး စီမံချက်များကို ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် မဟာမိတ် မြန်မာသည် ဦးတည်အုပ်စုဝင်များ အတွက် ပြီးပြည့်စုံသော HIV ဝန်ဆောင်မှုများ (HIV စစ်ဆေးခြင်း မှ ART ဆေးဖြင့် ကုသပေးခြင်းအထိ) ကို ပေးနိုင်ရန် ဦးတည်အုပ်စုဝင်များအတွက် ဝန်ဆောင်မှုပေးသော စင်တာ (KPSC) ကို စတင်ခဲ့ပြီး ၎င်းတို့အတွက် PrEP ကဲ့သို့သော HIV ကာကွယ်ရေး ဝန်ဆောင်မှုများကို တိုးချဲ့ခဲ့သည်။ နည်းဗျူဟာမြောက်သော အစီအစဉ်များနှင့် အညီ မဟာမိတ် မြန်မာသည် အခြားသော ကျန်းမာရေးပြဿနာများကို လွှမ်းခြုံမိစေရန် လုပ်ငန်းများကို ဖြန့်ကျက်ဆောင်ရွက်နေပါသည်။ Access to Health ရန်ပုံငွေ မှတစ်ဆင့် UNOPS ၏ ထောက်ပံ့မှုဖြင့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် မိခင်၊ မွေးကင်းစကလေး၊ ကလေးငယ်များ ကျန်းမာရေး နှင့် လိင်နှင့် မျိုးဆက်ပွား ကျန်းမားရေး လုပ်ငန်းများ ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

**လုပ်ငန်းတာဝန် ထမ်းဆောင်ရခြင်း၏ ရည်ရွယ်ချက်**

မြန်မာနိုင်ငံ တွင် HIV ကူးစက်ရန် အန္တရာယ်အများဆုံး ဖြစ်သော ဦးတည်အုပ်စု အသိုင်းအဝိုင်းများအတွင်း HIV/AIDS နှင့် ဆက်နွယ်သော ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ နှင့် HIV ကူးစက်ပြန့်ပွားမှုများကို လျှော့ချရန် ရည်ရွယ်၍ Counsellor သည် မဟာမိတ် မြန်မာ၏ KPSC စင်တာတွင် အလုပ်တာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ PrEP ဆေးဝါးကို သောက်သုံးရန် စိတ်ဝင်စားသော ဦးတည်အုပ်စုဝင်များကို HIV ကာကွယ်ရေးတွင် PrEP ၏ အရေးပါမှု၊ ဆေး၏ ဗဟုသုတများ နှင့် ပတ်သက်သော အရည်အသွေး ပြည့်မီသော နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ဆေးသောက်ပုံ

မှန်ကန်ရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရမည် ဖြစ်သည်။ ထို့အပြင် counsellor သည် index testing အတွက် counseling ကိုလည်း ပြုလုပ်နိုင်ရမည်ဖြစ်သည်။ နှစ်သိမ့်ဆွေးနွေးပေးသူသည် Client ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှု ရှိစေရန်၊ လျှို့ဝှက်ထားရှိရန် တို့ကို သေချာစွာ လုပ်ဆောင်ရမည် ဖြစ်ပြီး အရင်းအမြစ် ကန့်သတ်ချက်များအတွင်း အကောင်းဆုံး ကျန်းမာရေး ဝန်ဆောင်မှုကို ဖြန့်ဝေ ပေးနိုင်ရမည်။

**တာဝန်ယူရမည့် လုပ်ငန်းဆောင်တာများ**

- PrEP သောက်ရန် စိတ်ပါဝင်စားသော walk-in clients နှင့် လူထုအခြေပြုအဖွဲ့များ မှ လွှဲပြောင်းသော clients များအတွက် PrEP နှင့်ပက်သက်သော ဆေးသောက်ရန် စံသတ်မှတ်ချက်များကိုက်ညီမှုရှိမရှိ ကို ဆန်းစစ်ခြင်း
- ဆေးစွဲမြဲမှန်ကန်စွာ သောက်ရန် နှစ်သိမ့်ဆွေးနွေးပေးခြင်း အပါအဝင် PrEP counseling ပြုလုပ်ပေးရန်
- PrEP သောက်နေသော client များအတွက် ပုံမှန် HIV စစ်ဆေးခြင်း နှစ်သိမ့်ဆွေးနွေးပေးခြင်း ပြုလုပ်ပေးရန်
- ဆရာဝန်၏ ဆေးညွှန်ကြားချက်အတိုင်း client များအတွက် PrEP ဆေးများ ထုတ်ပေးရန်
- ဆေးစွဲမြဲမှန်ကန်စွာ သောက်ရန် အခက်အခဲ ရှိသော client များအတွက် သင့်တော်သော စောင့်ရှောက်မှု အစီအစဉ် ပြုလုပ်ပေးပြီး ၎င်းကို သက်ဆိုင်ရာ ဆရာဝန်၊ CBO များနှင့် လစဉ် အစည်းအဝေးတွင် ထည့်သွင်း ဆွေးနွေးရန်
- ဆေးခန်းတွင် ဆေးဝါးများ ပြတ်လပ်မှု မဖြစ်စေရန် KPSC စင်တာ ရှိ ဆေးများအားလုံး ၏ လုံလောက်သော ပမာဏ ရှိနေရန်အတွက် Alliance ရုံးချုပ်ရှိ Logistic team ဆီသို့ PrEP ဆေးများ အမှာစာ (Purchase order) ကို တောင်းဆိုရန်
- HIV positive ဖြစ်သော client များအတွက် သွေးစစ်ဆေးအပြီး နှစ်သိမ့်ဆွေးနွေးပေးခြင်း ပြုလုပ်ရန်
- IPV ဟုခေါ်သော မိမိ၏ ရင်းနှီးကျွမ်းဝင်သော ပါတနာမှ လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စော်ကားခံရမှု အန္တရာယ်ရှိ/မရှိ စမ်းသပ်စစ်ဆေးမှု အပါအဝင် index testing ၏လမ်းစဉ်များအတိုင်း index client များ အတွက် သွေးစစ်ဆေးမှုနှင့် ပတ်သက်၍ နှစ်သိမ့်ဆွေးနွေးပေးရန်
- လွှဲပြောင်းပေးရန် လိုအပ်သော client များကို လိုအပ်သလို ညွှန်းပို့ပေးရန်
- CBO မှ ဝန်ထမ်းများ နှင့် ပူးပေါင်းဆောင်ရွက်၍ သွေးစစ်ဆေးထားသော ပါတနာများကို Follow-up လိုက်ခြင်း၊ မိသားစုဝင်များကို စာရင်းသွင်းခြင်း နှင့် အကြောင်းကြားခြင်းတို့ကို လုပ်ဆောင်ရန်
- Data အချက်အလက်များ နှင့် အဖြေများ ကို သတ်မှတ်ထားသော ပုံစံများ (စာရွက်စာတမ်းများ, အီလက်ထရောနစ်) တိကျစွာ မှတ်တမ်းတင်ထားရန်
- လစဉ် ဆေးဝါး ထိန်းသိမ်းထားရှိမှု အစီရင်ခံစာ တင်ပြရန်
- လစဉ် နှစ်သိမ့်ဆွေးနွေးပေးခြင်း အစီရင်ခံစာကို KPSC မှ သက်ဆိုင်ရာ ဆရာဝန်ထံ ပေးပို့ရန်
- အရည်အသွေး ပြည့်ဝသော ဝန်ဆောင်မှုများ ပေးနိုင်ရန် သက်ဆိုင်ရာ KPSC team၊ ဆရာဝန် နှင့် ညှိနှိုင်းဆောင်ရွက်ရန်
- လစဉ် ပြုလုပ်သော အသင်း၏ အစည်းအဝေးများ နှင့် သင့်လျော်သော အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်တက်ရောက်ရန်

**လိုအပ်သော အရည်အချင်းများ**

- HIV/AIDS (သို့မဟုတ်) သင့်လျော်သော ရာထူးတွင် နှစ်သိမ့်ဆွေးနွေးပေးသူ အဖြစ် အနည်းဆုံး ၂ နှစ် အတွေ့အကြုံ ရှိသူ ဖြစ်ရမည်။
- အနည်းဆုံး တက္ကသိုလ်ဝင်တန်း အဆင့် ပညာအရည်အချင်း ရှိရမည်။ HIV/ ART နှစ်သိမ့်ဆွေးနွေးခြင်း အတွေ့အကြုံ ရှိခြင်းသည် အားသာချက် ဖြစ်သည်။
- အထူးသဖြင့် ဦးတည်အုပ်စုဝင်များအတွက် လူမျိုး/ဘာသာပေါင်းစုံ ပါဝင်သော အခြေအနေတွင် လုပ်ကိုင်နိုင်ရမည်။
- Microsoft Office ဆော့ဝဲ များ (အထူးသဖြင့် Excel) နှင့် အချက်အလက်သိမ်းဆည်းခြင်း စနစ် အသုံးပြုခြင်း ဆိုင်ရာ ဗဟုသုတ ရှိရမည်။
- ဖိအားများသော အခြေအနေတွင် အလုပ် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- ပြောဆိုဆက်ဆံရေး ပြေပြစ်ကောင်းမွန်သော သူ ဖြစ်ရမည်။
- ဦးတည်အုပ်စုဝင်များ (အမျိုးသားချင်း ချစ်ခင်စုံမက်သူများ၊ အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်သူများ၊ အမျိုးသမီးလိင်လုပ်သားများ) အား လျှောက်ထားရန် တွန်းအားပေးသည်။

**Qualified candidates** are suggested to submit their applications together with the updated Curriculum Vitae to the Program Manager, Alliance Myanmar, No.24, 2nd street, Hlaing Yadanar Mon Housing Compound, Hlaing Township, Yangon or via email to **ahso.alliance@gmail.com** by June 23, 2023

***"The Alliance Myanmar is committed to equal opportunities and welcomes applications from appropriately qualified people from all sections of the community. Qualified people living with HIV are particularly encouraged to apply."***

**"Alliance Myanmar has a zero tolerance to sexual exploitation, abuse and harassment. The employees are required to adhere the Alliance Myanmar's Code of Conduct including PSEA policy both during working hours and outside working hours"**

**Remark:** *Only shortlisted candidates will be contacted*